# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 13 , 2023 | Volume 72, Number 9


၁၃.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၉ US$ |
| မြန်မာ့ရွှေဈေး | = ၃၅၃၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၃၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၄.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၄.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၇၁.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၉.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၀၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၀၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၈၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၃၂၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## နယ်စုံမှ အသစ်ဝင်မြေပဲဆန်နှင့် နှမ်းမျိုးစုံဈေးကွက် အနည်းငယ်ကျဆင်းနေ ပို့ကုန်မတ်ပဲဈေးငြိမ်

အသစ်ဝင်မြေပဲဆန်များနှင့် နှမ်းမျိုးစုံဈေးကွက် အနည်းငယ် ဈေးကျဆင်းနေပြီး ပို့ကုန်မတ်ပဲ ဈေးငြိမ်နေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခြင်းမရှိသေးတာကြောင့် ပြည်တွင်းမြေပဲဆန်နှင့် နှမ်းနက်မှာ ဈေးအနည်းငယ် ပြန်လည်ကျဆင်းနေခြင်းဖြစ်သည်။ အသစ်ဝင် မြေပဲဆန်များနှင့် နှမ်းမျိုးစုံဈေးကွက် အနည်းငယ်ဈေးကျဆင်းနေကြောင်း၊ ပို့ကုန် မတ်ပဲပေါက်ဈေးမှာ စံချိန်ပေါက်ဈေးကနေ တစ်အိတ် ငွေကျပ် ၁၀၀၀၀ ခန့် ဈေးပြန်ကျသွားသော်လည်း ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးတည်ငြိမ်နေကြောင်း လက်ကျန်အရမ်းနည်းသွားသည့် ပဲကြီး၊ ပဲထောပတ်တို့မှာ ဈေးအနည်းငယ် မြင့်တက်လာကြောင်း မကွေးမြို့၊ ရွှေစင်သိန်းပွဲရုံမှ ဦးကျော်သွင်ကပြောသည်။

“ပို့ကုန်မတ်ပဲ စံချိန်ပေါက်ဈေးကနေ အနည်းငယ် ဈေးကျဆင်းသွားပါတယ်။ ပြည်တွင်းသုံး ကုလားပဲတွေလည်း ဈေးငြိမ်နေပါတယ်။ တရုတ်လိုင်း အဝယ်အေးနေလို့ နှမ်းမျိုးစုံနဲ့ အသစ်ဝင်မြေပဲဆန်တွေကတော့ ဆက်လက်ဈေးကျဆင်းနေပါတယ်။ ယခင် သီတင်းပတ်အတိုင်း ဈေးနှုန်းအပြောင်းအလဲသိပ်မရှိသလို အရောင်းအဝယ် လည်း အေးနေပါတယ်။ လက်ကျန်နည်းသွားတဲ့ ပဲကြီး၊ ပဲထောပတ်တွေကတော့ ဈေးမြင့်တက်လာပေမဲ့ ပမာဏအရမ်းနည်းသွားပါပြီ”ဟု ၎င်းကပြောသည်။

နိုဝင်ဘာ ၁၁ ရက်တွင် သုံးတင်းဝင် မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ ပေါက်ဈေးဖြင့် စံချိန်တင်ပေါက်ဈေးကနေ အနည်းငယ်ကျဆင်းသွားပြီ ဖြစ်သည်။ ပဲစင်းငုံမှာ ပစ္စည်းအသစ်မဝင်လာခင်အထိ အရောင်းအဝယ်ဈေးကွက် ပျောက်နေမည်ဖြစ်သည်။ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ ပေါက်ဈေးဖြင့် ဈေးကျဆင်းနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပုံမှန်ဈေးသာရှိနေပြီး နိုဝင်ဘာ ၁၁ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၆၇၀၀၀၊ V7 တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၃၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၉၈၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၃၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၂၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ မြေပဲအနီလုံးဆန်(ဝိုင်း)တစ်ပိဿာလျှင် ငွေကျပ် ၆၁၅၀ ပေါက်ဈေးရှိသည်။


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

နှမ်းမျိုးစုံဈေးကွက်မှာ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခြင်းမရှိတာကြောင့် ဈေးကျဆင်းလျက်ရှိရာ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀၊ နှမ်းညို(သစ်)တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၃၃၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

https://t.me/htwettoe

## အဓိကကုန်သွယ်ဖက်တရုတ်၏ မြန်မာ့ဆန်ဝယ်လိုအားကျဆင်း

ယခုဘဏ္ဍာနှစ်အတွင်း မြန်မာ့အဓိက ကုန်သွယ်ဖက်နိုင်ငံဖြစ်တဲ့ တရုတ်ရဲ့ မြန်မာ့ဆန်ဝယ်လိုအားက ထိပ်သီး ၅ နိုင်ငံ စာရင်းထဲမှာရှိမနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်-MRF ရဲ့ အချက်အလက်တွေမှာ တွေ့ရှိရပါတယ်။

အာဆီယံဒေသတွင်းနိုင်ငံတွေဖြစ်ကြတဲ့ ဖိလစ်ပိုင်နဲ့အင်ဒိုနီးရှားတို့က မြန်မာ့ဆန်ကို အဓိကဝယ်ယူသူတွေဖြစ်နေပြီး ၇ လအတွင်း အင်ဒိုနီးရှားက တန်ချိန် ၅ သောင်းနဲ့အထက်၊ ဖိလစ်ပိုင်က တန်ချိန် ၄ သောင်းခွဲအထက် ဝယ်ယူထားပါတယ်။

စာရင်းများအရ တရုတ်ဘက်ကဆန်ထက် ဆန်ကွဲကိုသာအာရုံစိုက်ထားပုံရပြီး ဘဏ္ဍာနှစ် ၇ လအတွင်း ဆန်ကွဲတန်ချိန် ၈ သောင်းခွဲနဲ့အထက် တင်သွင်းထားတာကို တွေ့ရှိရပါတယ်။

ဆန်/ဆန်ကွဲတင်ပို့မှုကို ခြုံငုံကြည့်ရင် အောက်တိုဘာလအတွင်း တန်ချိန် ၂ သိန်းအထိတင်ပို့နိုင်ဖို့ MRF က မျှော်မှန်းထား ပေမဲ့ ပြည်ပဝယ်လိုအားက တန်ချိန် ၁ သိန်းစွန်းစွန်းသာ ရှိခဲ့ပါတယ်။

တကယ်တင်ပို့မယ့်အချိန်ကတော့ အောက်တိုဘာလမှ မတ်လအထိ (၆) လမှာ ဆန်စပါးတင်ပို့မဲ့ အားအကောင်းဆုံး အချိန်ကာလပဲဖြစ်ပါတယ်လို့ MRF တာဝန်ရှိသူက စက်တင်ဘာလမှာ ပြောကြားထားပါတယ်။

အောက်တိုဘာလ ဆန်/ဆန်ကွဲတင်ပို့မှုကနေ နိုင်ငံခြားဝင်ငွေရရှိမှုက အမေရိကန်ဒေါ်လာ ၆၃ သန်းအဖြစ် လအလိုက် ပို့ကုန်ဝင်ငွေ အများဆုံးရရှိထားတဲ့အခြေအနေဖြစ်ပြီး စုစုပေါင်းပို့ကုန်ဝင်ငွေအဖြစ် ဒေါ်လာ ၂၇၁ သန်းသာ ရရှိထားပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံတွေထံ ဆန်/ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်းရောင်းချနိုင်ဖို့ ရည်မှန်းထားပြီး အဲဒီကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ (၁) ဘီလီယံရရှိဖို့ မျှော်လင့်ထားပါတယ်။

Source: BETV Business

## ပိုလန်မှ ဝယ်သူအသစ်များက စက်ရုံတစ်ရာနီးပါး၌ အထည်အပ်နှံနေ

ပိုလန်နိုင်ငံမှ ဝယ်သူအသစ်တွေရောက်ရှိနေပြီး စက်ရုံတစ်ရာနီးပါးမှာ အထည်အပ်နှံမှုတွေပြုလုပ်ထားကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူက ပြောပါတယ်။

အသင်းကို မကြေညာဘဲ အသစ်ရောက်နေတဲ့ ဝယ်သူလည်း အများကြီးရှိတယ်။ အခုဆို ပိုလန်က အများကြီးရောက်ပြီး အော်ဒါအကြီးကြီးယူလာပြီးတော့မှ စက်ရုံတစ်ရာနီးပါးလောက်မှာ အပ်နေတယ်လို့ ကြားတယ်လို့ဆိုပါတယ်။

တချို့သော အမှတ်တံဆိပ်တွေက နိုင်ငံအတွင်းကနေ တဖြည်းဖြည်းချင်း ဆုတ်ခွာမယ်ဆိုတဲ့ သတင်းတွေထွက်နေပေမဲ့ စက်ရုံပိတ်သိမ်းမှုတွေအပေါ် သိသာထင်ရှားစွာ ကြားသိရတာမျိုးမရှိသလို ဝယ်သူတွေကလည်း ရှိနေကြတုန်းပဲလို့ အသင်းတာဝန်ရှိသူရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။ တစ်ခုစ၊ နှစ်ခုစ ထွက်တယ်လို့ပြောပေမဲ့လည်း အများကြီး ကျန်နေသေးတာရှိပါတယ်လို့ ပြောပါတယ်။

အမှတ်တံဆိပ်အသစ်တွေလည်း ရှိနေပြီး ယခုကာလမှာ အပြောင်းအလဲတစ်ခုတွေ့ရကြောင်း ၎င်းကဆက်ပြောပါတယ်။ တော်တော်များများလည်း ဆက်ရှိနေတာရှိတယ်။ အသစ်အသစ်တွေလည်း ဝင်လာတာရှိတယ်။ နာမည်သိပ်မကြီးတဲ့ အလယ်အလတ်တန်းစားဝယ်သူတွေ အများကြီးဝင်လာတယ်။ အော်ဒါတွေ အများကြီးယူလာတယ်။ ချုပ်ခက အရင်ထက် စာရင် နည်းနည်းပိုပြီး နည်းသွားပါတယ်။ တင်းကျပ်သွားပါတယ်လို့ တာဝန်ရှိသူက ပြောပါတယ်။

ပြည်ပအမှတ်တံဆိပ်တွေရဲ့ မြန်မာနိုင်ငံမှာ အထည်အပ်နှံမှုကျဆင်းနှုန်းက ၂၀ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းအကြား ရှိနေကြောင်း သိရှိရပါတယ်။

**Source: BETV Business**

## စက်သုံးဆီဈေး မြင့်တက်လာ

ပြည်တွင်း စက်သုံးဆီဈေးကွက်တွင် ဒီဇယ်နှင့်ဓာတ်ဆီဈေးနှုန်းများ မြင့်တက်လာကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းဖော်ပြထားမှုအရ သိရသည်။

လက်ရှိတွင် ရန်ကုန်မြို့တွင်းရှိ စက်သုံးဆီအရောင်းဆိုင်အချို့တွင် စက်သုံးဆီပြတ်လပ်မှုများဖြစ်ပေါ်လျက်ရှိပြီး ရရှိသည့်ဆိုင်အချို့တွင်လည်း ကားများအချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းနေရကြောင်း သိရသည်။

ရန်ကုန်မြို့တွင် စက်သုံးဆီဈေးနှုန်းများ ကျပ် ၁၀၀ ကျော်ခန့်တက်သွားခဲ့ပြီး နိုဝင်ဘာ ၁၂ ရက် စက်သုံးဆီဈေးမှာမူ လက်လီတစ်လီတာဈေးဒီဇယ် ၂၁၄၅ ကျပ်၊ ပရီမီယံ (Premium) ဒီဇယ်၂၂၄၅ ကျပ်၊ အောက်တိန်း 92 Ron ကျပ်၂၁၃၀၊ အောက်တိန်း 95 Ron ကျပ်၂၂၅၀ ဝန်းကျင်ဖြင့် မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## ကော်လ်ကတ္တားမြို့အခြေစိုက်စီးပွားရေးကွန်ရက်အဖွဲ့ EVO Connect ၏ အခန်းကဏ္ဍသစ် (New Chapter) ဖွင့်လှစ်ပွဲသို့ စီးပွားရေးသံမှူးတက်ရောက်




ကော်လ်ကတ္တားမြို့အခြေစိုက်စီးပွားရေးကွန်ရက်အဖွဲ့ EVO Connect ၏ အခန်းကဏ္ဍသစ်(New Chapter) ဖွင့်လှစ်ပွဲကို ယခုလ ၉ ရက်၊ ညနေ ၅ နာရီ ၃၀ မိနစ်မှ ၉ နာရီအထိ အမှတ် ၃၃၆၊ Canal လမ်း၊ နာရီစင်အဆောက်အအုံ(Clock tower) တတိယထပ်ရှိ Adharv Banquet ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အထူးဧည့်သည်တော်အဖြစ် စီးပွားရေးသံမှူး ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါ EVO Connect အဖွဲ့သည် အဖွဲ့ဝင်များ၏ စီးပွားရေးကွန်ရက်ချိတ်ဆက်ခြင်း၊ ချဲ့ထွင်ခြင်းနှင့်အချင်းချင်းရင်းနှီးမှုရရှိအောင် ဆောင်ရွက်ပေးခြင်း (Networking, Business, Socializing)တို့အတွက် အဓိကရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ Chapter တစ်ခုလျှင် အဖွဲ့ဝင်ဦးရေ (၅၀)ခန့်ပါဝင်ပြီး၊ တစ်လလျှင် (၂)ကြိမ်ပုံမှန်တွေ့ဆုံခြင်းအပြင် အခြားစီးပွားရေးမြှင့်တင်မှုလုပ်ဆောင်ချက်များပြုလုပ်ခြင်းနှင့် ယခုကဲ့သို့ အခါအားလျော်စွာပြင်ပမှ အထူးဧည့်သည်တော်များဖိတ်ကြား၍ ဟောပြောဝေမျှသည့် အခမ်းအနားများကျင်းပခြင်း၊ လူမှုကွန်ရက်အသုံးပြု၍ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကို ကြော်ငြာချိတ်ဆက်ပေးခြင်းများ ပြုလုပ်ကြောင်း သိရပါသည်။

အဆိုပါအဖွဲ့၏ ပထမဦးဆုံးအခန်းကဏ္ဍ EVO Royal ကို လွန်ခဲ့သော (၆)လခန့်က စတင်ဖွင့်လှစ်ခဲ့ပြီး အဖွဲ့ဝင်ပေါင်း (၅၀)သို့ ရောက်ရှိခဲ့ပြီဖြစ်သည့်အတွက် ယခုအခါ အခန်းကဏ္ဍသစ် EVO Victory ကို စတင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် လက်ရှိ Chapter တွင် ယခုအချိန်အထိ အဖွဲ့ဝင်(၁၈)ဦးခန့်ရရှိထားပြီးဖြစ်ကြောင်း သိရပါသည်။ ၎င်းတို့၏ စီးပွားရေးကွန်ရက်ကို ယခုနှစ်ကုန်တွင် အဖွဲ့ဝင်ပေါင်း (၃၅၀) ရရှိရန်နှင့် လာမည့် ၂၀၂၄ ခုနှစ်၊ နှစ်ကုန်တွင် အဖွဲ့ဝင်ပေါင်း (၂၅၀၀)နှင့် အခန်းကဏ္ဍပေါင်း (၂၆) ခုအထိ တိုးချဲ့သွားနိုင်ရန် မျှော်မှန်းထားကြောင်း သိရပါသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ EVO Connect ၏တည်ထောင်သူ Mr.LAKSHYYA JAISWAL၊ EVO Royal ဥက္ကဋ္ဌ Mr.Pashupati Kundu နှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ စုစုပေါင်း(၂၅)ဦးခန့်တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

အဆိုပါ EVO Connect ကဲ့သို့ကွန်ရက်အဖွဲ့အစည်းများကို တည်ထောင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း ရင်းနှီးမှုရရှိပြီး ကွန်ရက်ချဲ့ထွင်နိုင်ခြင်း အကျိုးကျေးဇူးများစွာရရှိနိုင်ပါသဖြင့် မြန်မာနိုင်ငံရှိ MSME လုပ်ငန်းများအနေဖြင့် ယင်းကဲ့သို့အဖွဲ့အစည်းကွန်ရက်များတည်ထောင်၍ စုစည်းလုပ်ကိုင်ဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

**Source: ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့**

**myantrade.gov.mm**

## ၂၀၂၄ ခုနှစ်တွင် ဂျာမနီ၏စီးပွားရေး တဖြည်းဖြည်းပြန်လည်ကောင်းမွန်လာမည်ဟု စီးပွားရေးပညာရှင်များက ခန့်မှန်းထား

ဂျာမနီနိုင်ငံတွင် ဩဇာအရှိန်အဝါကြီးမားသော ဂျာမန်စီးပွားရေးကျွမ်းကျင်သူများကောင်စီသည် ဂျာမနီနိုင်ငံ၏ စီးပွားရေးကို ၂၀၂၃ ခုနှစ် နှစ်ကုန်အထိ ကျဆင်းနေလိမ့်မည်ဖြစ်ပြီး၊ လာမည့်နှစ်တွင်လည်း နာလန်ထူရုံမျှ ပြန်လည်ကောင်းမွန်လာလိမ့်မည်ဟု ၈-၁၁-၂၀၂၃ ရက်တွင် ခန့်မှန်းထားခဲ့ပါသည်။

အဆိုပါခန့်မှန်းချက်သည် ဂျာမနီအနေဖြင့် ၂၀၂၃ ခုနှစ်တွင် စီးပွားရေးကျဆင်းမှုမှ ပွတ်ကာသီကာ ရှောင်ရှားနိုင်လိမ့်မည်ဟု အဆိုပါစီးပွားရေးအဖွဲ့မှပင် မတ်လအတွင်းက ခန့်မှန်းထားခဲ့သော အစီရင်ခံစာပါ ခန့်မှန်းချက်များထက် အဆိုးမြင်မှုများ ပိုများနေခဲ့သည်။

ဂျာမနီ၏စီးပွားရေးသည် ယခုနှစ်(၂၀၂၃ ခုနှစ်)တွင် ၀ ဒသမ ၄ ရာခိုင်နှုန်း ကျုံ့နေလိမ့်မည်ဖြစ်ပြီး၊ ၂၀၂၄ ခုနှစ်တွင်လည်း တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းမရှိဘဲ ရပ်တန့်နေလိမ့်မည်ဟု ဂျာမနီ၏ စီးပွားရေးကျွမ်းကျင်သူဂုရုကြီးများဟု လူသိများသော သေချာစွာရွေးချယ်ဖွဲ့စည်းထားသည့် စီးပွားရေးပညာရှင်ကြီး(၅)ဦးပါဝင်သောအဖွဲ့မှ ခန့်မှန်းထားပါသည်။ သို့သော်လည်း ၂၀၂၄ ခုနှစ်အတွက် ဂျာမန် ဂျီဒီပီကိုမူ တိုးတက်မှုနှုန်း ၀ ဒသမ ၇ ရာခိုင်နှုန်းရှိလိမ့်မည်ဟု ၎င်းတို့က မျှော်မှန်းထားကြပါသည်။

ကျွမ်းကျင်သူများအဖွဲ့အနေဖြင့် အဓိကဆောင်ရွက်ရသည့်အလုပ်မှာ ဂျာမန်အစိုးရ၏ စီးပွားရေးမူဝါဒများကို လေ့လာသုံးသပ်အကဲဖြတ်၍ ယင်းအပေါ် ခွဲခြမ်းစိတ်ဖြာမှုများအား လွတ်လပ်စွာဆောင်ရွက်ပေးရခြင်းဖြစ်ပါသည်။ ဂျာမနီနိုင်ငံ၏ စွမ်းအင်သုံးစက်မှုကဏ္ဍသည် အတိုင်းအတာတစ်ခုအထိရှိနေသည်ဖြစ်ရာ ယခုကဲ့သို့ စွမ်းအင်ဈေးနှုန်း မတည်ငြိမ်မှုများ ဆက်တိုက်ဖြစ်ပေါ်လာခြင်းသည် စွမ်းဆောင်ရည်ညံ့ဖျင်းခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်ကြောင်း ထောက်ပြခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကူးစက်ချိန်မှစ၍ ဥရောပရှိ ယူရိုငွေကြေးအသုံးပြုသော စီးပွားရေးအားလုံးအနက် ဂျာမနီသည် တိုးတက်မှုအဆင့် အနိမ့်ဆုံးတွင်ရှိခဲ့ကြောင်းကို မှတ်တမ်းတင်ခဲ့ပြီးဖြစ်သည်ဟု စီးပွားရေးပညာရှင်(၅)ဦးက ရှင်းပြခဲ့သည်။ စွမ်းအင်အကျပ်အတည်းသည် စီးပွားရေးအပေါ် သက်ရောက်မှုများရှိခဲ့သဖြင့် ယင်းကိုတွန်းလှန်ရန်နှင့် လိုအပ်သောစွမ်းအင်ရရှိလာစေရန် ကျယ်ပြန့်သော စီးပွားရေးမူဝါဒဆိုင်ရာ အစီအမံများကို ချမှတ်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေး ကျဆင်းမှုကြီးမားစွာမဖြစ်စေရန် တားဆီးနိုင်ခဲ့သည်ဟု ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

ဂျာမနီတွင် စိတ်ပျက်ဖွယ်ကောင်းသောရလဒ်ကို ထွက်ပေါ်လာစေခဲ့သည့် အကြောင်းအရင်းများမှာ ပြည်တွင်း၌ ဝယ်လိုအားကျဆင်းလာမှုနှင့် တရုတ်နိုင်ငံကဲ့သို့သော ဈေးကွက်ရရှိထားပြီးသား ပြည်ပနိုင်ငံများ၌ပါ ဝယ်လိုအား ကျဆင်းလာမှုတို့ကြောင့်ဖြစ်သည်ဟု ကိုးကားဖော်ပြထားပါသည်။ ကျွမ်းကျင်ပညာရှင်များက ၎င်းတို့အနေဖြင့် အလုပ်သမား ရှားပါးနေခြင်းနှင့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေး ပြည့်ဝစွာမဆောင်ရွက်နိုင်ခြင်းကဲ့သို့သော ဖွဲ့စည်းပုံဆိုင်ရာပြဿနာများအပေါ် စိုးရိမ်မှုများရှိနေကြောင်း ထောက်ပြခဲ့ကြသည်။ အစိုးရအနေဖြင့် အဆိုပါပြဿနာများဖြေရှင်းရေးအတွက် စီမံဆောင်ရွက်မှုများမပြုလုပ်ပါက ဂျာမနီ၏စီးပွားရေးကို နောင်လာမည့် ဆယ်စုနှစ်များစွာအထိ နှောင့်နှေးသွားစေနိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက သတိပေးထားသည်။

ဂျာမန်စက်မှုလုပ်ငန်းများအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာကို လိုက်ပါဆောင်ရွက်ရန် နှေးကွေးနေချိန်တွင် ဂျာမနီရှိ သက်ကြီးရွယ်အိုဦးရေမြင့်မားလာခြင်းသည် လုပ်သားရှားပါးမှုအား ပိုမိုဆိုးရွားစေနိုင်သဖြင့် ဂျာမန်ကုမ္ပဏီများသည် နိုင်ငံတကာပြိုင်ဘက်များ၏နောက်တွင် ဆုံးရှုံးနိုင်ခြေများစွာဖြင့် အပြေးအလွှားဆောင်ရွက်နေရမည့် အန္တရာယ်ရှိနိုင်ကြောင်း အဆိုပါအဖွဲ့မှ ပြောကြားခဲ့သည်။

စီးပွားရေးပညာရှင်များက လူအများအချိန်ပြည့်အလုပ်လုပ်နိုင်ရန် မက်လုံးများပေး၍ဆွဲဆောင်ခြင်း၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာမူဝါဒကို ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်ကြခြင်းနှင့် နည်းပညာအသစ်များကို ပိုမိုပွင့်လင်းမြင်သာမှုရှိစွာဖြင့် လက်ခံကျင့်သုံးခြင်းအစရှိသည်တို့ကို ဆောင်ရွက်ကြရန်အပြင် အငြိမ်းစား ပေးသည့် အသက်အရွယ်အပိုင်းအခြားကို မည်မျှဖြစ်သင့်သည်ဟု သီးခြားအကြံပေးခြင်းမရှိသော်လည်း အငြိမ်းစားယူမည့် အသက်ကို တိုးမြှင့်သင့်သည်ဟု အကြံပြုထားကြောင်းသိရှိရပါသည်။

**Source:** https://www.dw.com/en/germanys-economic-sages-predict-weak-recovery-in-2024/a-67346265

**ဒေါ်သန္တာစော**

**စီးပွားရေးသံမှူး၊ ဘာလင်**

# STOCK EXCHANGE (14.11.2023)

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 10:00 am, 14th Nov. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 616 (Shares) | 1,128,400 (MMK) |

| MYANPIX | 370.59 ▼ 0.98 |
|---|---|
| Total Volume (shares) | 616 |
| Total Value (MMK) | 1 mil |
| Listed Company | 8 |
| Market Cap. (MMK) | 699,010 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,400 | ▼ 50 |
| EFR | 00006 | 2,050 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,700 | ▼ 50 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 13th Nov. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,738 (Shares) | 6,645,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,600 | 8,800 | 8,600 | 160 | 1,377,000 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,900 | 2,900 | 2,900 | 438 | 1,270,200 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,650 | +50 | +3.13% | 1,600 | 1,650 | 1,600 | 228 | 373,750 | 29,664,613 | 48,947 |
| TMH | 00005 | 2,450 | -100 | -3.92% | 2,400 | 2,450 | 2,400 | 102 | 249,850 | 12,823,224 | 31,417 |
| EFR | 00006 | 2,050 | +0 | +0.00% | 2,050 | 2,050 | 2,050 | 580 | 1,189,000 | 19,977,223 | 40,953 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,800 | 4,900 | 4,800 | 30 | 144,600 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 1,200 | 2,040,700 | 23,804,946 | 41,659 |

## Market summary

As of 13th Nov. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 371.57 | -0.92 | -0.25% | 365.74 | 371.57 | 365.74 | 2,738 | 6,645,100 | 8 | 700,842 |

**Index chart**

